


# တော်လှန်ရေးခရီးလား

လွတ်မြောက်ရေးပန်းတိုင်
တက်လှမ်းရာ ဒီခရီး
ရေစီးက သန်
လှိုင်းဒဏ်ကို အံတု
ယုံကြည်မှု အရင်းပြုလို့ ။
ကျောက်ငုတ်စို့ ဝဲလည်းကြုံ
တက်မစုံ ရွက်မဖွင့်နိုင်လည်း
ရေဆန်ဘဲ ဖြတ်လာရ
မုန်တိုင်းကျ ရင်ဆိုင်
ငုတ်မိသဲကိုင် ထုံး
ဖွဲ၊ နလုံးမူ ဘဝတူ ခရီးသည်တွေမို့ ။

အချို့က လမ်းခရီးထက်မှာ ကျကျန်
အချို့က ကမ်းအနီးတက်ကာ ထပြန်
အချို့က စမ်းဘေး တွယ်ဖက်
အချို့က လမ်းရွေး ဖယ်ထွက်
လှေခွက်ချည်း မကျန်
အလံ လွှင့်ထူထား ၊
ခွန်အားဖြည့် စုစည်းဆက်မယ်
ရှေ့အတက် ရေမော်တကွေ့
( ရဲဘော်ရေ့ )
ယီးလေလေ့ လား။ ။

( နှစ်ခြောက်ဆယ်မြောက် ဗကပလက်နက်ကိုင်တော်လှန်ရေးနေ့သို့ )

မိုင်းမျိုးနော်
၁၉-၃-၂၀၀၈